**မြန်မာ့စာတိုက်လုပ်ငန်း၏ ဥပဒေ၊ စည်းမျဉ်းများ**

**အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ် (၁/၂၀၂၄)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်

(၁) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization - WTO) ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement - TFA) ၏ Article 7.8: Expedited Shipment ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လေကြောင်းဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့် ကိုက်ညီပါက အလျင်အမြန် ရှင်းလင်းထုတ်ယူခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(၂) အဆိုပါ Article အား အကောက်ခွန်ဦးစီးဌာနက အကောင်အထည်ဖော်သည့်အနေဖြင့် Express Consignment (အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့်ကုန်စည်) များနှင့် ပတ်သက်၍ Express Consignment များ မရောက်ရှိမီနှင့် ရောက်ရှိချိန်တွင် လိုအပ်သည့် အကောက်ခွန် လုပ်ငန်းစဉ်များအား လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၅/၂၀၀၀) ဖြင့်လည်းကောင်း၊ လေကြောင်းမှတစ်ဆင့် တင်သွင်းလာသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (De-minimis value threshold) အဖြစ် တင်သွင်းမှုတစ်ခုချင်း၏ စုစုပေါင်းတန်ဖိုးပမာဏ USD 50 အထိ ကင်းလွတ်ခွင့်ပြုခြင်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇) ဖြင့် လည်းကောင်း ထုတ်ပြန်ဆောင်ရွက်လျက် ရှိပါသည်။

(၃) ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၏ သတင်းလွှာအမှတ် (၅/၂၀၁၃) အရ ပြည်ပမှ တင်သွင်းလာ သောနမူနာပစ္စည်းများနှင့် ကြော်ငြာ ပစ္စည်းများ၏တန်ဖိုး အမေရိကန်ဒေါ်လာ (၅၀၀) အောက်ပစ္စည်းများအား လိုင်စင်/ပါမစ် ထောက်ခံချက် မလိုအပ်ဘဲ ထုတ်ယူခွင့်ရရှိမည်ဖြစ်သော်လည်း၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အောက်ရှိ အဖွဲ့ဝင်ဌာနအသီးသီး၏ သဘောထားမှတ်ချက်များအရ ကုန်ပစ္စည်းများ ရောက်ရှိချိန်တွင် လျင်မြန်စွာရှင်းလင်း ထုတ်ယူနိုင်ရေး အဆိုပါဌာနများမှ ထောက်ခံချက် လိုအပ်သောပစ္စည်းများ စာရင်းအား ပေးပို့ခဲ့ပါသည်။

(၄) သို့ဖြစ်ပါ၍ နောက်ဆက်တွဲဇယားပါ ပစ္စည်းများ တင်သွင်းလာပါက သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်များ ကြိုတင်ရယူထားခြင်းအားဖြင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအား အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန

**လေကြောင်းမှတင်သွင်းလာသောကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဌာနများအလိုက် ထောက်ခံချက် လိုအပ်သောပစ္စည်းများစာရင်း**

| စဉ် | ပစ္စည်းအမျိုးအမည် | ဌာနများ |
|---|---|---|
| ၁ | သီးနှံမျိုးစေ့များ၊မျိုးကိုင်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၂ | အသီးအနှံများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၃ | အပင်နှင့်အပင်ထွက်ပစ္စည်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၄ | ဖြတ်ပန်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၅ | ပိုးသတ်ဆေးများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၆ | မြေဆီ၊မြေဩဇာများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၇ | တိရစ္ဆာန်အသားမှုန့်များ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၈ | တိရစ္ဆာန်ဆိုင်ရာမျိုးလောင်းများ၊ မျိုးဥများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၉ | အေးခဲအသားစို၊ အသားခြောက်များ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၁၀ | တိရစ္ဆာန်အရှင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ တိရစ္ဆာန်ဆေးဝါးများနှင့် တိရစ္ဆာန်သုံးပစ္စည်းများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၁၁ | အစားအသောက်နှင့် ဆေးဝါးများ၊ ဖြည့်စွက်စာများ၊ အလှကုန်ပစ္စည်းများ အားကိုယ်တိုင်သုံးစွဲရန်အတွက် မဟုတ်ဘဲ စီးပွားဖြစ်တင်သွင်းခြင်းများ | အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန |

| စဉ် | ပစ္စည်းအမျိုးအမည် | ဌာနများ |
|---|---|---|
| ၁၂ | စက်မှုကုန်ကြမ်းပစ္စည်းများ | ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း များ အန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ |
| ၁၃ | ထိန်းချုပ်ဓာတုပစ္စည်းများ | ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း များအန္တရာယ်မှ တားဆီးကာကွယ် ရေးဗဟိုအဖွဲ့ |
| ၁၄ | Nucleus (ဝတ်ဆံလုံးများ)၊ Clewat 32 နှင့် Chloramphenicol (မုတ်ကောင် ဝတ်ဆံသွင်းခြင်းနှင့် သားဖောက်ခြင်း လုပ်ငန်းများတွင်အသုံးပြုမည့်) | သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်း သိမ်းရေး ဝန်ကြီးဌာန အောက်ရှိ မြန်မာ့ပုလဲ ထုတ်လုပ် ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၁၅ | အေးခဲငါး၊ ပုစွန်နှင့်ရေထွက်ပစ္စည်းများ | ငါးလုပ်ငန်းဦးစီးဌာန |
| ၁၆ | ငါး/ပုစွန်သားပေါက်အရှင်များ၊အလှမွေးငါး အရှင်၊ ရေနေသတ္တဝါ အစာတောင့်၊ အလှ မွေးငါးအစာ၊ ရေနေသတ္တဝါအစာကုန် ကြမ်း၊ ရေနေသတ္တဝါအစာ ဖော်စပ်ရာ၌ အသုံးပြု သောဖြည့်စွက်အစာကုန်ကြမ်း၊ ရေသတ္တဝါ မွေးမြူရေးလုပ်ငန်းသုံး ဓာတု ပစ္စည်းများနှင့် ဆေးဝါးများ၊ ရေသတ္တဝါ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ | ငါးလုပ်ငန်းဦးစီးဌာန |
| ၁၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်နှင့် ကီဂါလီပြင်ဆင်ချက်တို့အရ တားမြစ်/ ကန့်သတ်ထားသည့် အအေးပေးဒြပ် ပစ္စည်းများနှင့် Waste and Scrap များ (အသေးစိတ် စာရင်းများအား ပတ်ဝန်း ကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန |

**မှတ်ချက်။** ရေခဲရိုက်၍ဖြစ်စေ၊ အေးခဲ၍ဖြစ်စေ(သို့မဟုတ်) တစ်နည်းနည်းဖြင့် ပြုပြင် မွမ်းမံ ထားသော (ဥပမာ-အခြောက်လှန်း၊ကြပ်တိုက်)စသော အသင့်စားသုံး နိုင်သော ရေထွက်ကုန်ပစ္စည်းမဟုတ်သည့်တန်ဖိုး အမေရိကန်ဒေါ်လာ (၅၀၀)အောက် ရေထွက်ကုန်ပစ္စည်းများကို စီးပွားရေးအရမဟုတ်ဘဲ၊ ကိုယ်တိုင်စားသုံးရန်အတွက် တင်သွင်းလာပါက ငါးလုပ်ငန်းဦးစီးဌာန ထောက်ခံချက်မလိုအပ်ဘဲ တင်သွင်းနိုင်သည်။